[illegible]
**Karenni Civil Society Network**
P.O. Box - 100, Mae Hong Son, 58000, Thailand
Phone: 06 5329 7814, E-mail:kcsn2010@gmail.com

ဇွန်လ ၂၅ ရက်၊ ၂၀၂၄ ခုနှစ်


## ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်၏ နှစ်ပတ်တကြိမ် အခြေအနေ တင်ပြချက်၊ ဇွန်လ ၃ ရက် – ဇွန်လ ၁၆ ရက်နေ့ထိ၊၂၀၂၄ ခုနှစ်

## ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ် အတွင်း စစ်ကောင်စီ၏ ချိုးဖောက်မှုများ အကျဉ်း

| စဉ် | | ဖေဖော်ဝါရီလ ၁ရက်၊ ၂၀၂၁ – ဇွန်လ ၂ ရက်၊ ၂၀၂၄ | ဇွန်လ ၃ – ဇွန်လ ၁၆ ရက်၊ ၂၀၂၄ | စုစုပေါင်း |
|---|---|---|---|---|
| ၁ | အရပ်သားများ သတ်ဖြတ်ခံရခြင်း | ၅၃၉ | | ၅၃၉ |
| ၂ | အရပ်သားများ ဖမ်းဆီးခံရခြင်း | ၃၇၄ | | ၃၇၄ |
| ၃ | အရပ်သားများ ထိခိုက်ဒဏ်ရာရခြင်း | ၆၃၀ | | ၆၃၀ |
| ၄ | အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ | | | |
| | လွိုင်ကော်မြို့နယ် | ၁၄၈၅ | | ၁၄၈၅ |
| | ဒီးမော့ဆိုမြို့နယ် | ၆၄၅ | | ၆၄၅ |
| | မယ်စဲ့မြို့နယ် | ၃၁ | | ၃၁ |
| | ဖယ်ခုံမြို့နယ် | ၅၀၅ | | ၅၀၅ |
| | ဖရူဆိုမြို့နယ် | ၁၅၁ | | ၁၅၁ |
| | ဘောလခဲမြို့နယ် | ၃၃ | | ၃၃ |
| | ရှားတောမြို့နယ် | ၅၆ | | ၅၆ |
| | ဖားဆောင်းမြို့နယ် | ၁၃၈ | | ၁၃၈ |

| ထွက်ပြေးတိမ်းရှောင်မှုများအကျဉ်း | | | | |
|---|---|---|---|---|
| စဉ် | မြို့နယ် | ခန့်မှန်းဦးရေ ဇွန်လ ၂ ရက်နေ့ အထိ ၂၀၂၄ | IDPs အသစ် ဇွန်လ ၃ –ဇွန်လ ၁၆ ရက်၊ ၂၀၂၄ ခုနှစ် | စုစုပေါင်း ထွက်ပြေးတိမ်းရှောင်မှုများ |
| ၁ | လွိုင်ကော် | ၉၂၃၁၁ | | ၉၂၃၁၁ |
| ၂ | ဒီးမော့ဆို | ၈၃၂၆၅ | | ၈၃၂၆၅ |
| ၃ | ဖရူဆို | ၁၄၄၀၃ | | ၁၄၄၀၃ |
| ၄ | ဖါးဆောင်း | ၂၄၀၀၀ | | ၂၄၀၀၀ |
| ၅ | ဖယ်ခုံ | ၅၆၀၀၀ | | ၅၆၀၀၀ |
| ၆ | ရှားတော | ၂၃၉၅ | | ၂၃၉၅ |
| ၇ | မယ်စဲ့ | ၅၀၀၀ | | ၅၀၀၀ |
| ၈ | ဘောလခဲ | ၅၂၄၁ | | ၅၂၄၁ |
| | စုစုပေါင်း | ၂၈၂၆၁၅ | | ၂၈၂၆၁၅ |

စကစ စစ်ဆင်ရေးနှင့် ချိုးဖေါက်မှုများပြုလုပ်သည့်နေရာ၊ မေလ၂၀ရက်မှ ဇွန်လ၃-၁၆ရက်နေ့ထိ၂၀၂၄ ခုနှစ်



ခုခံတိုက်ခိုက်မှုများရှိနေသော်လည်း စကစမှ စစ်ဘေးရှောင်များအား လွိုင်ကော်မြို့သို့ ပြန်နေထိုင်ခိုင်း

ဇွန်လ လလယ်ပိုင်းတွင် စစ်ကောင်စီသည် လွိုင်ကော်မြို့မှ စစ်ဘေးရှောင်နေသော ပြန်သူများအား လွိုင်ကော်မြို့သို့ ပြန်လာနေထိုင်ကြရန်ပြောဆိုမှုများကြောင့် ရာနှင့်ချီသော စစ်ဘေးရှောင်ပြန်သူများ ပြန်လာနေထိုင်ခဲ့ကြသည်။ သို့သော်ငြားလည်း စစ်ကောင်စီတပ်များမှ လွိုင်ကော်မြို့အဝင်လမ်းများ လုံခြုံစွာထိန်းချုပ်ထားနိုင်မှု မရှိခြင်းအပြင် တိုက်ခိုက်မှုများ ရှိနေသေးသည့်အတွက် အများစုသော လွိုင်ကော်မြို့မှ စစ်ဘေးရှောင်ပြည်သူများသည် လွိုင်ကော်မြို့သို့ မပြန်လာရဲကြသေးပေ။

ဇွန်လ ၄ ရက်၊ ဒီးမော့ဆိုမြို့နယ် အနောက်ဘက်ခြမ်းတစ်နေရာအား စစ်ကောင်စီတပ်မှ လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်မှုတစ်ကြိမ်ပြုလုပ်ခဲ့ပြီးနောက် ဒီးမော့ဆိုမြို့အခြေစိုက် ခလရ ၁၀၂ တပ်မှ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ထိုတရက်အတွင်း လွိုင်ကော်အကျဉ်းထောင်မှ အမျိုးသမီးတစ်ဦးအပါအဝင် နိုင်ငံရေးအကျဉ်းသား ၆ ဦး လွတ်ရက်စေ့ဖြင့် ပြန်လွတ်မြောက်လာခဲ့သည်။ လွိုင်ကော်အကျဉ်းထောင်ထဲတွင် နိုင်ငံရေးအကျဉ်းသူ၊သားများ ၁၀၀ ကျော်ရှိနေသေးသည်။

ဇွန်လ ၅ ရက်၊ စစ်ကောင်စီ၏ လက်အောက်ခံ ဝန်ထမ်းနှစ်ဦးဖြစ်သည့် တွ္တတွင်းဝန်ကြီးဌာနမှ ဒုညွှန်မှူး ဦးယဉ်ကျော်အောင်နှင့် စက်မှုလယ်ယာဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးဇော်ငြိမ်းလတ်တို့သည် လွိုင်ကော်မြို့၊ နမ့်ဘော်ဝမ်ရပ်ကွက်ရှိ ဈေးတွင် သေနတ်ဖြင့်ပစ်ခတ်ခံရပြီး သေဆုံးသွားခဲ့သည်။

ဇွန်လ ၆ ရက်၊ ဖားဆောင်းမြို့နယ် အခြေစိုက် စကစ ခလရ ၁၃၅ တပ်အား ကရင်နီပူးပေါင်းတပ်ဖွဲ့များမှ ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး တိုက်ခိုက်မှုအတွင်း ကရင်နီလူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦးမှ ရဲဘော်နှစ်ဦး စကစ၏ လက်နက်ကြီးကြောင့် ကျဆုံးသွားခဲ့သည်။

ဇွန်လ ၉ ရက်၊ နံနက်အချိန်တွင် လွိုင်ကော်မြို့၊ စက်မှုဇုန်မှတဆင့် မိုးဖြဲမြို့သို့စစ်ကြောင်းထိုးလာသော စစ်ကောင်စီတပ်များနှင့် ကရင်နီပူးပေါင်းတပ်ဖွဲ့များ တိုက်ပွဲဖြစ်ပွားခဲ့သည်။ ထိုတိုက်ပွဲအတွင်း စစ်ကောင်စီ တပ်၏ ဒရုန်းတစင်းပစ်ချနိုင်ခဲ့ကြောင်း ကရင်နီပူးပေါင်းတပ်ဖွဲ့များမှ အတည်ပြုသည်။ ထို့အပြင် မိုးဖြဲမြို့ အခြေစိုက် ခမရ ၄၂၂ တပ်သည်လည်း မိုးဖြဲမြို့တွင်းသို့ ထိုးစစ်ဆင်မှုများ ပြုလုပ်လာနေသည်။

**ontact persons:**
Khu Ko Reh Tel: +66 65 329 7814

Website : www.karennicsn.org
Facebook: https://www.facebook.com/kcsnengbur
Email: kcsn2010@gmail.com